**ဗီယင်နာမြို့အခြေစိုက် မြန်မာအမြဲတမ်းကိုယ်စားလှယ်**
**ဂျီ-၇၇ နိုင်ငံများနှင့် IAEA ညွှန်ကြားရေးမှူးချုပ်တို့ တွေ့ဆုံပွဲသို့ တက်ရောက်ခြင်း**

(၁-၉-၂၀၂၃ ရက်၊ ဗီယင်နာမြို့)

သြစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့အခြေစိုက် ဂျီ-၇၇ အုပ်စု (Vienna Chapter) အဖွဲ့ဝင်နိုင်ငံများ၏ အမြဲတမ်းကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ညွှန်ကြားရေးမှူးချုပ် Mr. Rafael Mariano Grossi တို့အကြား တွေ့ဆုံပွဲကို ၁-၉-၂၀၂၃ ရက်တွင် Vienna International Centre ၌ ကျင်းပခဲ့ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းသိမ်းနှင့် ဘာသာရပ်တာဝန်ခံ ပထမအတွင်းဝန် ဒေါ်မြတ်မဇ္ဈူပြုံးတို့ တက်ရောက်ခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲတွင် IAEA ညွှန်ကြားရေးမှူးချုပ်အနေဖြင့် IAEA က ဦးဆောင်ဦးရွက်ပြုဆောင် ရွက်နေသောအစီအစဉ် (၃) ရပ်အနက် Rays of Hope (Cancer care for all) စီမံကိန်းအောက်တွင် ဓာတ်ရောင်ခြည်ကုထုံးဖြင့် ကင်ဆာရောဂါကုသမှုဆိုင်ရာ ကူညီပံ့ပိုးမှုများကို ဂျီ-၇၇ အဖွဲ့ဝင်အများစုအပါအဝင် (၆၇) နိုင်ငံသို့ ပေးအပ်လျက်ရှိပြီး၊ (၁၇) နိုင်ငံတွင် ဒေသဆိုင်ရာဗဟိုဌာနများ ဖွင့်လှစ်ထားရှိမှု၊ Zoonotic Disease Integrated Action (ZODIAC) စီမံကိန်းအောက်တွင် တိရစ္ဆာန်မှ လူသို့ရောဂါကူးစက်မှုဆိုင်ရာ သုတေသနပြုခြင်းနှင့် ကြိုတင်ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ နည်းပညာအကူအညီများကို အဖွဲ့ဝင် (၃၉) နိုင်ငံသို့ ပေးအပ်လျက်ရှိမှု၊ NUTEC Plastic စီမံကိန်းအောက်တွင် နျူကလီးယားနည်းပညာဖြင့် ပလပ်စတစ်ညစ်ညမ်းမှုကို ထိန်းချုပ်ဖြေရှင်းရာ၌ အာရှပစိဖိတ်နိုင်ငံအများစုပါဝင်သော (၁၇) နိုင်ငံနှင့် ဆောင်ရွက်နေပြီး၊ ဥရောပနှင့် လက်တင်အမေရိက (၃၈) နိုင်ငံက ထပ်တိုးပါဝင်လာမှုတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး၊ ယူကရိန်းနိုင်ငံရှိ Zaporizhzhya နျူကလီးယားဓာတ်ပေါင်းဖို ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် IAEA ၏ ကြိုးပမ်းဆောင်ရွက်နေမှုများကိုလည်း ဖြည့်စွက်ရှင်းလင်းခဲ့ပါသည်။

ထို့နောက် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးနှင့်ပတ်သက်၍ IAEA ၏ နျူကလီးယားနည်းပညာများဖြင့် စားသောက်ကုန်များ ဘေးကင်းရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍများ၌ ကူညီပံ့ပိုးမှုများ တိုးမြှင့်ဆောင်ရွက်ပေးရန် ဂျီ-၇၇ နိုင်ငံများက တိုက်တွန်းခဲ့ခြင်းအပေါ် IAEA အနေဖြင့် ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ (FAO) နှင့် မိတ်ဖက်ပြုလျက် ကူညီဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားခဲ့ပါသည်။

++++++++++


Meeting on IAEA matters
with Mr. Rafael M. Grossi
Director General of the IAEA
1 September 2023